# ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
# တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ် နှင့် အမှတ်စာရင်း များကို
# မြန်မာ့စာတိုက်လုပ်ငန်းမှတစ်ဆင့် လျှောက်ထားရယူနိုင်ကြောင်း
# အသိပေးကြေညာချက်

၁။ ၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းကို မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်များမှတစ်ဆင့် လိုအပ်သည့် အချက်အလက်များ ပေးပို့လျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းကို စာတိုက်မှတစ်ဆင့် ကာယကံရှင် ကျောင်းသား/ ကျောင်းသူ၊ မိဘထံသို့ ပြန်လည် ပေးပို့ သွားပါမည်။

၂။ လူကိုယ်တိုင် လာရောက်လျှောက်ထား ထုတ်ယူခြင်းကို **(လုံးဝ)** ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၃။ **အောင်လက်မှတ်တောင်းခံရန်အတွက်** တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူ၏ (1.5" X 2") အရွယ် ဓာတ်ပုံ (၃)ပုံနှင့်အတူ အောက်ပါ အချက်အလက်များကို A4 Size စာရွက်တွင် ပြည့်စုံမှန်ကန်စွာရေးသားပေးပို့ရပါမည် -

(က) အမည်
(ခ) ခုံအမှတ်
(ဂ) အောင်မြင်သည့်ခုနှစ်
(ဃ) မွေးသက္ကရာဇ်
(င) စာစစ်ဌာနအမည်
(စ) ဖြေဆိုခဲ့သည့်ဘာသာရပ်များ
(ဆ) အဖအမည်၊ အမိအမည်
(ဇ) နေရပ်လိပ်စာအပြည့်အစုံ

၄။ **အမှတ်စာရင်း တောင်းခံရန်အတွက်** တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူ၏ အောက်ပါ အချက်အလက်များကို A4 Size စာရွက်တွင် ပြည့်စုံမှန်ကန်စွာ ရေးသားပေးပို့ ရပါမည် -

(က) အမည်
(ခ) ခုံအမှတ်
(ဂ) ဖြေဆိုသည့်ခုနှစ်
(ဃ) စာစစ်ဌာနအမည်
(င) ဖြေဆိုခဲ့သည့်ဘာသာရပ်များ
(စ) နေရပ်လိပ်စာအပြည့်အစုံ

၅။ အောင်လက်မှတ်/အမှတ်စာရင်းကို စာတိုက်မှ ပြန်ပို့ပေးရန်အတွက် မိမိ၏ နေရပ်လိပ်စာ အပြည့်အစုံတွင် အောက်ပါအချက်အလက်များ ပါဝင်ရပါမည် -

(က) ကျောင်းသား/ကျောင်းသူ (သို့) မိဘအမည်
(ခ) အိမ်အမှတ်
(ဂ) လမ်းအမည်
(ဃ) ရပ်ကွက်အမည်/ကျေးရွာ အမည်
(င) မြို့/မြို့နယ်အမည်
(စ) ပြည်နယ်/တိုင်းဒေသကြီးအမည်
(ဆ) ဖုန်းနံပါတ်